# Global Storybooks

globalstorybooks.net

**ဖွားဖွားရဲ့ ငှက်ပျောသီးများ / Grandma's bananas**

Ursula Nafula
Catherine Groenewald
Naw Thazin Hpway (my)

This work is licensed under a Creative Commons Attribution 3.0 International License.
https://creativecommons.org/licenses/by/3.0

# ဖွားဖွားရဲ့ ငှက်ပျောသီးများ

## Grandma's bananas



Ursula Nafula
Catherine Groenewald
Naw Thazin Hpway

4

မြန်မာဘာသာ my / English en



ဖွားဖွားရဲ့ ဥယျာဉ်ဟာ ငရုတ်သီးစိမ်း၊ နှံစားပြောင်း၊ ပီလောပီနံ့တွေနဲ့ပြည့်နေပြီးအရမ်းကို အံ့သြဖို့ကောင်းပါတယ်။ ဒါပေမယ့် အဲ့ဒီထဲမှာတော့ ငှက်ပျောသီးတွဲက အကောင်းဆုံးပါဘဲ။ ဖွားဖွားမှာ မြေးတွေများကြီးရှိပေမယ့် ကျွန်မကိုအချစ်ဆုံးဘဲဆိုတာ တိတ်တိတ်ကလေးသိပါတယ်။ သူ့အိမ်ကိုလာလည်ဖို့အတွက် မကြာမကြာခေါ်ပါတယ်။ သူဟာကျွန်မကိုလည်း လျှို့ဝှက်ချက် အငယ်လေးတွေကိုလည်း ပြောပြတတ်ပါတယ်။ ဒါပေမယ့် သူမပြောပြတာတစ်ခုရှိပါတယ် သူ့ရဲ့ငှက်ပျောသီးတွေကို မှည့်အောင် ဘယ်မှာထားထားသလဲဆိုတာကိုပါဘဲ။

. . .

Grandma's garden was wonderful, full of sorghum, millet, and cassava. But best of all were the bananas. Although Grandma had many grandchildren, I secretly knew that I was her favourite. She invited me often to her house. She also told me little secrets. But there was one secret she did not share with me: where she ripened bananas.





အဲ့ဒီနေ့ညနေမှာ အဖွားဟာ အမေနဲ့အဖေကိုခေါ်ပြီးဘာကြောင့်ခေါ်သလဲဆိုတာ ကျွန်မသိပါတယ်။ အဲ့ဒီညမှာ ကျွန်မဟာ အိပ်ဖို့လဲလျောင်းတဲ့အခါ ကျွန်မဟာ အဖွားဆီကကော၊ မိဘတွေဆီကကော၊ တစ်စုံတစ်ဦးဆီကကော ဘယ်တော့မှ ခိုးယူလို့မရဘူးဆိုတာ သိလိုက်ရပါတယ်။

. . .

Later that evening I was called by my mother and father, and Grandma. I knew why. That night as I lay down to sleep, I knew I could never steal again, not from grandma, not from my parents, and certainly not from anyone else.



နောက်တစ်နေ့ကတော့ ဈေးနေ့ဖြစ်ပါတယ်။ ဖွားဖွားဟာ အစောကြီးထပါတယ်။ အဖွားဟာ သူ့ရဲ့ငှက်ပျောသီးနဲ့ ပီလောပီနံတို့ကိုဈေးမှာသွားရောင်းပါတယ်။ အဲ့ဒီနေ့အဖွားဆီကျွန်မသွားမလည်ပါဘူး။ ဒါပေမယ့်သူ့ကို အကြာကြီး လည်းရှောင်မနေနိုင်ပါဘူး။

. . .

The following day was market day. Grandma woke up early. She always took ripe bananas and cassava to sell at the market. I did not hurry to visit her that day. But I could not avoid her for long.





တစ်နေ့မှာတော့ ကျွန်မဟာ အဖွားရဲ့အိမ်ထဲကို မကြာခြင်းကြီးတစ်ခြင်း ထားထားတာကိုတွေ့လိုက်ပါတယ်။ ကျွန်မက ဒီခြင်းက ဘာအတွက်လဲလို့မေးတိုင်း "ဒါဟာ မှော်ခြင်း" ဆိုတဲ့အဖြေဘဲရခဲ့ပါတယ်။ ခြင်းနားမှာတော့ ငှက်ပျောရွက်တွေကို တွေ့ပြီးအဖွားက တစ်ခါပြီးတစ်ခါ လှည့်နေတတ်ပါတယ်။ ကျွန်မအရမ်းကို စပ်စုချင်သွားပါတယ်။ ကျွန်မက "ငှက်ပျောရွက်တွေက ဘာအတွက်လဲ" လို့ မေးပါတယ်။ ကျွန်မရတဲ့ တစ်ခုတည်းသောအဖြေက "ဒါတွေဟာ မှော်ရွက်တွေဘဲဖြစ်တယ်" ဆိုတာပါဘဲ။

. . .

One day I saw a big straw basket placed in the sun outside Grandma's house. When I asked what it was for, the only answer I got was, "It's my magic basket." Next to the basket, there were several banana leaves that Grandma turned from time to time. I was curious. "What are the leaves for, Grandma?" I asked. The only answer I got was, "They are my magic leaves."



ဖွားဖွားရယ်၊ ငှက်ပျောသီးရယ်၊ ငှက်ပျောရွက်ရယ်နဲ့ မကြာခြင်းရယ်ဟာ အရမ်းကိုစိတ်ဝင်စားဖို့ကောင်းပါတယ်။ ဒါပေမယ့်အဖွားက အမေ့ကိုဘဲ ကူခိုင်းဖို့ လွှတ်လိုက်ပါတယ်။ "ဖွားဖွား၊ ဖွားဖွားပြင်ဆင်တာ ကြည့်ပါရစေ..."ဖွားဖွားက "ခေါင်းမမာနဲ့ကလေး ပြောတဲ့အတိုင်းလုပ်ပါ" လို့ဘဲ ပြောနေပါတယ်။ ကျွန်မ အပြေးလေး ထွက်သွားပါတယ်။

. . .

It was so interesting watching Grandma, the bananas, the banana leaves and the big straw basket. But Grandma sent me off to my mother on an errand. "Grandma, please, let me watch as you prepare..." "Don't be stubborn, child, do as you are told," she insisted. I took off running.





နောက်တစ်နေ့မှာတော့ ဖွားဖွားဟာ ဥယျာဉ်ခြံထဲမှာ ဟင်းသီးဟင်းရွက်ခူးနေတဲ့အခါမှာ ကျွန်မဟာ ငှက်ပျောသီးတွေကိုဘဲ စိတ်ဝင်စားပြီးချောင်းကြည့်ပါတယ်။ အားလုံးနီးပါမှည့်ခါနီးပါဘဲ။ ကျွန်မဟာ ငှက်ပျောသီးလေးဖီးကို မနေနိုင်ဘဲယူလိုက်မိပါတယ်။ ကျွန်မဟာ တံခါးနားကနေပြီးတော့ ခြေဖျားထောက်ပြီးထွက်သွားတဲ့အချိန်မှာ အဖွားရဲ့ချောင်းဟန့်သံကို အပြင်ကနေကြားလိုက်ပါတယ်။ ကျွန်မဟာ ငှက်ပျောသီးတွေကို ဂါဝန်ထဲထည့်ပြီးအဖွားနောက်ကနေ ဖြတ်သွားပါတယ်။

. . .

The following day, when grandma was in the garden picking vegetables, I sneaked in and peered at the bananas. Nearly all were ripe. I couldn't help taking a bunch of four. As I tiptoed towards the door, I heard grandma coughing outside. I just managed to hide the bananas under my dress and walked past her.



နောက်တစ်နေ့မှာ အဖွားဟာ အမေ့အိမ်ကိုလာလည်တဲ့အ
ခါမှာ ကျွန်မဟာ သူ့အိမ်ကို ပြေးသွားပြီးတော့ ငှက်ပျော
သီးတွေကို နောက်တစ်ကြိမ် သွားကြည့်ပါတယ်။ မှည့်ပြီး
ဖြစ်တဲ့ ငှက်ပျောသီးတွေအများကြီးတွေ့ပါတယ်။ ကျွန်မ
တစ်လုံးယူပြီ ဂါဝန်အောက်ဖွက်ထားပါတယ်။ ခြင်းကို
ပြန်ဖုံးပြီးတဲ့အချိန်မှာ အိမ်နောက်ဖေးကိုသွားပြီး ခ
ပ်မြန်မြန်စားလိုက်ပါတယ်။ ကျွန်မ စားဖူးသမျှငှက်ပျော
သီးတွေထဲမှာ အရသာအရှိဆုံးပါဘဲ။

. . .

The following day when grandma came to visit my mother, I rushed to her house to check the bananas once more. There was a bunch of very ripe ones. I picked one and hid it in my dress. After covering the basket again, I went behind the house and quickly ate it. It was the sweetest banana I had ever tasted.





ကျွန်မပြန်လာတဲ့အခါ အဖွားဟာ အိမ်အပြင်ဘက်မှာ
ခြင်းကော ငှက်ပျောသီးပါ မရှိတော့ဘဲ ထိုင်နေပါတယ်။
“ဖွားဖွား ခြင်းဘယ်ရောက်သွားပြီလဲ၊ ငှက်ပျောသီးတွေ
ဘယ်ရောက်သွားပြီးလဲ ဘယ်မှာ...” ‘ဒါပေမယ့် ကျွန်မရ
တဲ့တစ်ခုတဲ့ အဖြေက “မှော်နေရာကိုရောက်ရှိသွားတာ
ပါ” လို့ပြန်ဖြေပါတယ်။ အရမ်းစိတ်ပျက်ဖို့ကောင်းပါတ
ယ်။

. . .

When I returned, Grandma was sitting outside but with neither the basket nor the bananas. “Grandma, where is the basket, where are all the bananas, and where...” But the only answer I got was, “They are in my magic place.” It was so disappointing!



၂ရက်ကကြာတဲ့အခါ ဖွားဖွားက သူ့ရဲ့အခန်းထဲမှာရှိတဲ့ တုတ်ကောက်ကို ကျွန်မအားသွားယူခိုင်းပါတယ်။ ကျွန်မတံခါးဖွင့်လိုက်တဲ့အခါ ငှက်ပျောသီးမှည့်အနံ့ကို ခပ်ပြင်းပြင်းက ကျွန်မကို ကြိုဆိုလိုက်ပါတယ်။ အခန်းအထဲမှာ အဖွားရဲ့ မှော်ခြင်းကိုတွေ့လိုက်ပါတယ်။ အဲ့ဒါကို စောင်အဟောင်းတစ်ထည်နဲ့အုပ်ထားပါတယ်။ ကျွန်မဟာမ,လိုက်ပြီးအရမ်းကောင်းတဲ့ အနံ့ခံကြည့်လိုက်ပါတယ်။

. . .

Two days later, Grandma sent me to fetch her walking stick from her bedroom. As soon as I opened the door, I was welcomed by the strong smell of ripening bananas. In the inner room was grandma's big magic straw basket. It was well hidden by an old blanket. I lifted it and sniffed that glorious smell.





“သမီးဘာတွေလုပ်နေတာလဲ၊ တုတ်ကောက်မြန်မြန်ယူလာပေး” ဆိုတဲ့ခေါ်သံနဲ့ အဖွားရဲ့အသံက ကျွန်မကိုလန့်သွားစေပါတယ်။ ကျွန်မ တုတ်ကောက်ကိုမြန်မြန်ယူပြီးထွက်လာခဲ့ပါတယ်။ “ဘာတွေပြုံးနေတာတုန်း” လို့အဖွားကမေးတယ်။ သူ့ရဲ့မေးခွန်းက ကျွန်မဟာသူ့ရဲ့ မှော်နေရာလေးကို ရှာဖွေတွေ့ရှိသွားလို့ ပြုံးနေမိကြောင်းသတိထားမိသွားစေပါတယ်။

. . .

Grandma's voice startled me when she called, “What are you doing? Hurry up and bring me the stick.” I hurried out with her walking stick. “What are you smiling about?” Grandma asked. Her question made me realise that I was still smiling at the discovery of her magic place.